ပြင်ဆင်မှု

ပြင်ဆင်မှု

ပြင်ဆင်မှုဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သည့် အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့်ပတ်သက်၍ နစ်နာသူက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ခုံအဖွဲ့သို့ ပြန်လည်တင်ပြသည့် အမှုကို ဆိုသည်။

ကာလစည်းကမ်းသတ်

ပြင်ဆင်မှုလျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း အချိန်မီလျှောက်ထားရန် လိုအပ်ပါသည်။

အမှုတင်သွင်းလျှောက်ထားခြင်း

- အမှုတင်သွင်းလျှောက်ထားပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရွက်နေဖြင့်ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်ပါသည်။
- အမှုတင်သွင်း လျှောက်ထားပါက သတ်မှတ်ပုံစံနှင့်အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲလျက် လျှောက်ထားရန် လိုအပ်ပါသည်။
- အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် ပြန်လည်သုံးသပ်မှုနှင့် ပြင်ဆင်မှုလျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်-
  - ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော **ပြန်လည်သုံးသပ်မှု/ပြင်ဆင်မှုလျှောက်ထားလွှာပုံစံ (အခယ-၂)** မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်နှင့် အတူ လျှောက်ထားချက်ကို Microsoft Word Software အသုံးပြုလျက် Pyidaungsu Font ဖြင့် ပြုစုထားသည့် Soft Copy CD တစ်ချပ်၊
  - အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
  - အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊

- ကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့်လျှောက်ထားခြင်းဖြစ်ပါက ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမကိုယ်စားလှယ်လွှဲစာ (Civil Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊ ကိုယ်စားလှယ်ဖြစ်ပါက အယူခံလျှောက်ထားသူမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊ မူရင်းတွင် ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ရပါမည်။

- သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ ပူးတွဲဖော်ပြထားပါသည်-

မိတ္တူကူးယူခြင်း

- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူသည် ၎င်း၏ အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် စီရင်ချက်အမိန့်တို့ကို မိတ္တူအဖြစ် ကူးယူခွင့်ပြုရန် တင်ပြလျှောက်ထားနိုင်ပါသည်။
- မိတ္တူကူးလျှောက်ထားလိုသူသည် မိတ္တူကူးလျှောက်လွှာ **အခယ-၅** ပုံစံတွင် ပြည့်စုံစွာရေးသားဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်းကပ်ပြီး လက်မှတ်ရေးထိုးကာ မှတ်ပုံတင်အရာရှိထံ တင်သွင်းရပါမည်။
- သတ်မှတ်မိတ္တူကူးခကို မြန်မာ့စီးပွားရေးဘဏ်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရပါမည်။ မိတ္တူကူးခကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-
  - စာတစ်မျက်နှာ သို့မဟုတ် တစ်မျက်နှာ၏ အစိတ်အပိုင်းအတွက် တစ်ရာကျပ်နှုန်း၊
  - အလျင်အမြန် မိတ္တူကူးပေးရန် ဖြစ်လျှင် ကျသင့်မိတ္တူကူးခ၏ ငါးဆ၊
- မိတ္တူကူးရေးပေးခြင်းကို မိတ္တူကူးခ ပေးသွင်းပြီးကြောင်း အထောက်အထားရရှိသည့်နေ့မှ (၅) ရက်အတွင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ တာဝန်ခံမိတ္တူ ထုတ်ယူခြင်းဖြစ်ပါက ထိုက်သင့်ရုံးခွန်ကို ကပ်နှိပ်ထမ်းဆောင်ရမည် ဖြစ်ပါသည်။

ရုံးခွန်ထိုက်သင့်မှု

- အယူခံမှုလျှောက်ထားခြင်းအတွက် ရုံးခွန် ထိုက်သင့်မှုမှာ ၅၀၀ ကျပ် ဖြစ်ပါသည်။
- ထိုက်သင့်သည့် ရုံးခွန် ကပ်တံဆိပ်ခေါင်း၏ နမူနာပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



လျှောက်ထားချက်ကို ဖြည့်စွက်ခြင်း

- လျှောက်ထားတင်သွင်းပြီးသည့်နောက် အချက်အလက် တစ်စုံတစ်ရာ ထပ်မံဖြည့်စွက်တင်ပြလိုပါက အမှုကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ အခွန်အယူခံခုံအဖွဲ့သို့ အချိန်မီ လျှောက်ထားရမည်။
- အမှုကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း ထုတ်ပြန်ပြီးသည့် နောက်တွင်မှ တင်ပြချက်အသစ်ကို ပေးပို့ခြင်း သို့မဟုတ် ကြားနာသည့်အခါတွင် ထည့်သွင်းလျှောက်လဲခြင်းကို လုံးဝ (လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ။
- သတ်မှတ်ချက်အား လိုက်နာခြင်းမပြုဘဲ တင်ပြခြင်း၊ လျှောက်ထားခြင်းပြုလျှင် သက်ဆိုင်ရာခုံအဖွဲ့က အမှုကို သုံးသပ်ဆုံးဖြတ်ရာ၌ အသစ်ပြင်ဆင်တင်ပြသည့် သို့မဟုတ် ကြားနာမှု၌ ဖြည့်စွက်တင်ပြသည့် လျှောက်လဲချက်ကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကုမ္ပဏီဖြစ်ခြင်း

- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကုမ္ပဏီ၏ ကိုယ်စား ဆောင်ရွက်သည့် အမှုများအတွက် ကုမ္ပဏီအမည်ဖြင့် တင်သွင်းလျှောက်ထားရမည်။
- ကုမ္ပဏီ၏ကိုယ်စား ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေသူ တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေခြင်းမရှိသူ တစ်ဦးဦးကိုဖြစ်စေ အခွင့်ရကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်ပါက အောက်ပါအတိုင်း အထောက်အထားမူရင်းများကို ပူးတွဲတင်ပြရမည်-
  - (က) အမှုနှင့်စပ်လျဉ်း၍ အခွင့်ရကိုယ်စားလှယ်အဖြစ် တာဝန်လွှဲအပ်ကြောင်း ဆုံးဖြတ်ထားသည့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း၊
  - (ခ) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် သို့မဟုတ် နိုတြီပြုလုပ်ထားသော ကိုယ်စားလှယ်လွှဲစာ။
- ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ၎င်း၏ကိုယ်စား အခွန်အယူခံခုံအဖွဲ့သို့ လာရောက်ခြင်း သို့မဟုတ် လျှောက်ထားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုလုပ်ရန် အခွင့်ရကိုယ်စားလှယ် လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်လွှဲစာကို အောက်ပါအတိုင်း ဆောင်ရွက်တင်ပြရမည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် ပြုလုပ်သည့် ကိုယ်စားလှယ်လွှဲစာကို သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်သည် ၎င်း၏ရှေ့တွင် ပြုလုပ်ခြင်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်းလက်မှတ်ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက ဥပဒေအရ ခန့်ထားသည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း အဆိုပါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် မြန်မာနိုင်ငံသံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့် လက်မှတ်ရေးထိုး အတည်ပြုထားသော ကိုယ်စားလှယ်လွှဲစာမူရင်း၊

(ခ) ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၌ မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန် ပေးထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ ရှေ့တွင်ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာမူရင်း။

လျှောက်လဲချက် ပေးခြင်း

- တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်အရ အခွင့်ရ ကိုယ်စားလှယ်သည် လျှောက်ထားသူကိုယ်စား ခုံရုံးသို့ လာရောက်ခြင်း (Appearance) ၊ လျှောက်ထားခြင်း (Application) ၊ ဆောင်ရွက်ခြင်း (Act) ပြုနိုင်သော်လည်း ရှေ့နေလိုင်စင် မရှိပါက ရှေ့နေရှေ့ရပ်များနည်းတူ ခုံရုံးတွင် လျှောက်လဲချက်ပေးခြင်း (Pleading or addressing) ကို ဆောင်ရွက်ခွင့် မရှိပါ။
- လျှောက်ထားသူ ကိုယ်တိုင် သို့မဟုတ် အကျိုးဆောင်ရှေ့နေ သို့မဟုတ် ရှေ့နေလိုင်စင် ရရှိ ထားသူ အခွင့်ရကိုယ်စားလှယ်တို့က လျှောက်လဲချက် ပေးခြင်းကိုသာ ခုံအဖွဲ့က လက်ခံခွင့် ပြုမည် ဖြစ်ပါသည်။

သတ်မှတ်ပုံစံများ

အခယ - ၂

အခွန်အယူခံခုံအဖွဲ့ရုံးတော်

၂၀ ခုနှစ်၊ ..... ပြန်လည်သုံးသပ်မှု/ပြင်ဆင်မှုအမှတ် ( )

အမည်/နိုင်ငံသားစိစစ်ရေးကဒ်အမှတ်

လိပ်စာ ---------- လျှောက်ထားသူ

ဖုန်းနံပါတ်

နှင့်

အမိန့်ထုတ်ပြန်သည့်

ဌာန၏ အမည်နှင့် ---------- လျှောက်ထားခံရသူ

တည်ရှိရာအရပ်

(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့အား ဆင့်ဆိုရန် လိပ်စာဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာစာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

လျှောက်ထားသူ၏ ----------

ပြန်လည်သုံးသပ်/ပြင်ဆင်ပေးစေလိုမှုတင်ပြလျှောက်ထားခြင်း

အထက်ပါအမှုအား လျှောက်ထားသူ **ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှ** အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

အမှုအကြောင်းအရာအကျဉ်း

အမှုမှာ ----------

---။

ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအပေါ် အယူခံအကြောင်းပြချက်များ

၁။ ကာလစည်းကမ်းသတ်ကျော်လွန်သည့်အမှုဖြစ်မှသာ တင်ပြရန် ----------

---။

အယူခံအကြောင်းပြချက်များ

၁။ ----------

---။

၂။ ----------

---။

(လက်မှတ်)

လျှောက်ထားသူ၏ရှေ့နေ၊ ကိုယ်စားလှယ်အမည်

နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့) ရှေ့နေဖြစ်ပါက

လိုင်စင်အမှတ်၊ လိပ်စာအပြည့်အစုံ

[သို့မဟုတ်]

(လက်မှတ်)

လျှောက်ထားသူအမည်

နိုင်ငံသားစိစစ်ရေးကတ်အမှတ်

လိပ်စာအပြည့်အစုံ

အမှုတင်သည့်နေ့စွဲ။ ----------။

လျှောက်ထားချက်နှင့်ပူးတွဲတင်ပြသောစာရွက်စာတမ်းများစာရင်း

အခယ - ၅

မိတ္တူလျှောက်လွှာ

၁။ လျှောက်ထားသူ၏အမည် ----------

၂။ မိတ္တူကူးလိုသောအမှုတွဲ

(က) အမျိုးအစား၊ခုနှစ်နှင့်အမှတ် ----------

(ခ) အမှုသည်တို့၏အမည်များ ----------

၃။ မိတ္တူလျှောက်လွှာတင်သောရက် ----------

၄။ မိတ္တူရယူလိုသည့် စာရွက်စာတမ်းအမျိုးအမည် ----------

၅။ မိတ္တူကူးရန် မူရင်းစာ၏ စာမျက်နှာအရေအတွက် ----------

၆။ ရယူလိုသည့် မိတ္တူအမျိုးအစား ----------

၇။ တာဝန်ခံမိတ္တူအတွက် ရုံးခွန်တံဆိပ်ခေါင်း (လိုအပ်လျှင်) ----------

၈။ လျှောက်ထားသူသည် အမှုနှင့် မည်သို့သက်ဆိုင်သည်----------

လျှောက်ထားသူ၏လက်မှတ် ----------

နိုင်ငံသားစိစစ်ရေးအမှတ်----------

ရက်စွဲ၊----------

---------- မှုအမှတ် (/) ၏ ---------- နှင့် ---------- တို့ အမှုတွင်---------- ကို ရိုးရိုးမိတ္တူ / တာဝန်ခံမိတ္တူကူးရန် ---------- ကတင်သွင်းသည့် လျှောက်လွှာကို ---------- ရက် ---------- နာရီအချိန်တွင် လက်ခံရရှိပါသည်။

မှတ်ပုံတင်အရာရှိ

လက်မှတ် ----------

အမည် ----------

ရက်စွဲ၊ ----------